# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၁)
## ၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
## (၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ခြင်းကို ဆိုသည်၊

(ခ) တက္ကသိုလ် ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ကိုဆိုသည်၊

(ဂ) တက္ကသိုလ်ကောင်စီဆိုသည်မှာ တက္ကသိုလ်၏ လုပ်ငန်း တာဝန်များကို ကြီးကြပ်ရန် ဤဥပဒေအရဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်။

## အခန်း(၂)
## တက္ကသိုလ်တည်ထောင်ခြင်း

၃။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဤဥပဒေ စတင်အာဏာ သက်ရောက်သည့်နေ့မှစ၍ တည်ထောင်လိုက်သည်။

၄။ ပုဒ်မ ၃ အရ တည်ထောင်သည့် တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့် စဉ်ဆက်မပျက် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့် ရှိစေရမည်။

၅။ တက္ကသိုလ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ယင်းနှင့်ဆက်သွယ် ပေါင်းစည်းထားသည့် ကောလိပ်နှင့် သိပ္ပံတို့ကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်။

## အခန်း(၃)
## တက္ကသိုလ်၏ ရည်မှန်းချက်များ

၆။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည်တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာ နေထိုင်လျက် ပညာရှာမှီးကြရင်း ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုရရှိစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်းရန်နှင့် နားလည်သဘောပေါက်ရန်၊

(ဂ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၏ စားဝတ်နေရေး အဆင့်အတန်းမြင့်မားစေရန် ဆောင်ရွက်လိုသည့်စိတ်ဓာတ် ထက်သန်စေရန်၊

(ဃ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည် မြှင့်တင်ရန်၊

(င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးမှု လုပ်ငန်းများ အောင်မြင်မှုကိုရှေးရှု၍ သုတေသနလုပ်ငန်းများဆောင်ရွက် လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်၊

(စ) ပါတီနိုင်ငံရေးကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ် ပေးရန်၊

(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ် မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထိန်းသိမ်းလိုသည့်စိတ်ဓာတ် ရှင်သန်ပွားများစေရန်။

## အခန်း(၄)

## တက္ကသိုလ်၏ လုပ်ငန်းတာဝန်များ

၇။ တက္ကသိုလ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကို အထောက်အကူ ပြုသည့် ပညာရပ်များကို ပို့ချသင်ကြားပေးရန်၊

( ခ) တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကို အထောက်အကူ ပြုသည့် ပညာရှင်ဦးရေတိုးပွားအောင် ပြုစုပျိုးထောင်ပေးရန်၊

( ဂ) သုတေသနနှင့် ပညာတိုးပွားရေးအတွက် စီမံချက်များရေး ဆွဲ၍ ဦးဆောင်လမ်းညွှန်ပေးရန်၊

(ဃ) တက္ကသိုလ် စာမေးပွဲများ ကျင်းပပေးရန်၊

( င) တက္ကသိုလ်ဘွဲ့များ၊ ဘွဲ့လွန်ဒီဂရီများ၊ ဒီပလိုမာလက်မှတ် များ၊ တက္ကသိုလ်အတန်းအသီးသီးမှ အောင်လက်မှတ်များ

နှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်ရန်၊

(စ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏နေရေးထိုင်ရေး၊ စည်းကမ်းသေဝပ်ရေး၊ စာရိတ္တကောင်းမွန်ရေး၊ ကျန်းမာရေး နှင့် ကိုယ်လက်ကြံ့ခိုင်ရေးတို့အတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ဆ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ကျောင်းခန်းပြင်ပပညာရေးလုပ်ငန်းများနှင့် လေ့လာရေး အစီအစဉ်များဖြင့် လိုအပ်သလို လေ့ကျင့်ပေးရန်၊

(ဇ) တက္ကသိုလ်၏ ရည်မှန်းချက်များ ထမြောက် အောင်မြင်စေရေးအတွက် အထောက်အကူပြုသောလုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရန်။

## အခန်း(၅)

## တက္ကသိုလ်ကောင်စီဖွဲ့စည်းခြင်း

၈။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် တက္ကသိုလ်၏လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန် တက္ကသိုလ်ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်-

(က) သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(ခ) သင့်လျော်သော နိုင်ငံသားများ။

၉။ ပုဒ်မ ၈ အရ တက္ကသိုလ်ကောင်စီ ဖွဲ့စည်းရာတွင် တက္ကသိုလ်ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၁၀။ တက္ကသိုလ်ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တက္ကသိုလ် ပညာရေးဆိုင်ရာ လမ်းညွှန်မှုများကို ချမှတ်ပေးခြင်း၊

(ခ) တက္ကသိုလ်မှ မည်သို့သော ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာ အောင်လက်မှတ်၊ တက္ကသိုလ်အတန်းအသီးသီးမှ အောင်လက်မှတ်နှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းမည်ကို ဆုံးဖြတ်ခြင်း၊

(ဂ) နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် ကျောင်းသား ကျောင်းသူ ဦးရေကို သတ်မှတ်ခြင်း၊

(ဃ) တက္ကသိုလ် ကျောင်းသား ကျောင်းသူတို့၏ ဝင်ခွင့်အရည်အချင်းကိုသတ်မှတ်ခြင်း၊

(င) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်သည့် ဆရာအဆင့်ဆင့်တို့၏ အခြေခံ ပညာအရည်အချင်းကို သတ်မှတ်ခြင်း၊

(စ) တက္ကသိုလ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ပေးခြင်း၊

(ဆ) စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် လိုအပ်ပါက အဆုံးအဖြတ်ပေးခြင်း၊

(ဇ) တက္ကသိုလ်၏ ပညာရေးလုပ်ငန်းကို အကျိုးပြုစေမည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်ခြင်း၊

(ဈ) တက္ကသိုလ်စာမေးပွဲများ မည်သို့ကျင်းပရမည်ကို အဆုံးအဖြတ်ပေးခြင်း၊

(ည) တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်၊ သိပ္ပံသစ်များ တည်ထောင်ရန်လိုအပ်လျှင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့်တည်ထောင်ခြင်း၊

(ဋ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့က ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း၊

## အခန်း(၆)

## ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁၁။ တက္ကသိုလ်၏ ပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီသည် အောက်ပါအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) တက္ကသိုလ် ပညာရေးအဖွဲ့၊

( ခ ) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့။

၁၂။ တက္ကသိုလ် ပညာရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်သည့် လုပ်ငန်းများနှင့် ကိုက်ညီသည့် ပညာရပ်များကို ပို့ချသင်ကြားနိုင်ရေးအတွက် သင်ကြားရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ခ) ဘာသာရပ်အလိုက် ဖွဲ့စည်းထားသော သင်ကြားရေးအဖွဲ့များက ရေးဆွဲတင်ပြသော သင်ရိုးညွှန်းတမ်းများကို စိစစ်၍ တက္ကသိုလ်ကောင်စီသို့ သဘောထား မှတ်ချက်နှင့်တကွ ထောက်ခံတင်ပြရန်နှင့် တက္ကသိုလ်ကောင်စီ၏ အတည်ပြုချက်နှင့်အညီ သင်ကြားရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

( ဂ) တက္ကသိုလ်စာမေးပွဲများ ကျင်းပပေးခြင်းနှင့် အောင်စာရင်းများကြေညာခြင်း၊

(ဃ) ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာလက်မှတ်၊ အောင်လက်မှတ်များ၊ အခြား ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်း၊

( င) လိုအပ်သော သင်ကြားရေးဆိုင်ရာ ဌာနသစ်များ တိုးထွင်နိုင်ရေးအတွက် တက္ကသိုလ်ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

( စ) တက္ကသိုလ်တွင်ပြဋ္ဌာန်းမည့် စာအုပ်စာတမ်းများကိုစိစစ်ခြင်း၊ အတည်ပြုခြင်း၊

(ဆ) တက္ကသိုလ်တွင် ဘွဲ့လွန်နှင့် အခြားသင်တန်းများ ဖွင့်လှစ်ရေးကို သင်ကြားရေးဌာနများနှင့် ညှိနှိုင်း၍ တက္ကသိုလ်ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

( ဇ) တက္ကသိုလ်ကောင်စီက ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၁၃။ တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်သော စည်းကမ်းများ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းများအတိုင်း လိုက်နာစေရန် ကြပ်မတ်ထိန်းသိမ်းခြင်း၊

( ခ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အတွက် အားကစား၊ ကာယပညာနှင့်ယဉ်ကျေးမှုလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်စီမံခြင်း၊

( ဂ) တက္ကသိုလ် ဆရာများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူတို့၏ ကျန်းမာရေးကိစ္စများကို စီမံဆောင်ရွက်ခြင်း၊

(ဃ) တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ထောက်ပံ့ကြေးနှင့် အခြားငွေကြေး ချီးမြှင့်ရန်ကိစ္စတို့ကို ဆောင်ရွက်ခြင်း၊

( င) ကျောင်းဆောင်ကိစ္စ အရပ်ရပ်ကို စီမံဆောင်ရွက်ခြင်း၊

( စ) တက္ကသိုလ်နယ်မြေကို ကြီးကြပ်ခြင်း၊

(ဆ) တက္ကသိုလ်ကောင်စီက လွှဲအပ်သည့် အခြားစီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

( ဇ) တက္ကသိုလ်ကောင်စီက ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၇)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၄။ တက္ကသိုလ်ကောင်စီသည် ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ရေးဆွဲ၍ အတည်ပြုထားရှိရမည်။

၁၅။ တက္ကသိုလ်ကောင်စီသည် ဆရာများနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် -

(က) တည်ဆဲစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်၊

( ခ) ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဆရာများနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူ ခန့်ထားနိုင်သည်။

၁၆။ တက္ကသိုလ်ကောင်စီသည် ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ပါမောက္ခချုပ်အား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၈)
## ဘဏ္ဍာရေး

၁၇။ တက္ကသိုလ်သည် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က သတ်မှတ်ပေးသည့် အဖွဲ့အစည်းသို့ တင်ပြ၍ သဘောတူညီချက်ရယူပြီး ဆောင်ရွက်ရမည်။

၁၈။ တက္ကသိုလ်သည်မိမိရငွေနှင့် အသုံးစရိတ်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စာရင်းအင်းထားရှိခြင်း၊ ပေးသွင်းခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

## အခန်း(၉)

## အထွေထွေ

၁၉။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံခန့်ခွဲ ရမည့်အဖွဲ့အစည်းကို သတ်မှတ်ပေးရမည်။

၂၀။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေအရ တည်ထောင်သည့် တက္ကသိုလ်သည် ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာလက်မှတ် ၊တက္ကသိုလ်စာမေးပွဲအောင်လက်မှတ်များနှင့်တက္ကသိုလ် ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့်ရှိစေရမည်။

၂၁။ တက္ကသိုလ်သည် ယင်း၏ ပညာရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများ အောင်မြင်စေရန် အလို့ငှာ ကျွမ်းကျင်မှု အကူအညီနှင့် အခြား လိုအပ်သော အကူအညီများကို ဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အစိုးရအဖွဲ့ အစည်းများနှင့်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများနှင့်ဖြစ်စေ ဆက်သွယ်ရယူ နိုင်ခွင့်ရှိသည်။

၂၂။ ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်သည် ဤဥပဒေပြဋ္ဌာန်းခြင်း မပြုမီက ဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန် တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေ ပုဒ်မ ၁၉ အရ တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းသည် -

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ)စောမောင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး
# တက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို " **ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေတွင်ပါရှိသော"တက္ကသိုလ်ကောင်စီ"ဆိုသည့်စကားရပ်ကို "ကော်မတီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

**"ကော်မတီ** ဆိုသည်မှာ တက္ကသိုလ်၏ လုပ်ငန်းများကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ် ကြီးကြပ်ရေးကော်မတီကို ဆိုသည်။"

( ခ) ပုဒ်မခွဲ(ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မခွဲ(င)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။

( င ) **ဦးစီးဌာန** ဆိုသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ဆိုသည်။"

၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၄ တွင် ပါရှိသော "ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်" ဆိုသည့် စကားရပ်ကို "ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်ဆောင်ပုဒ်၊ ကိုယ်ပိုင် တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၆ တွင် အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံး ချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲသည့် လူငယ်များ ဖြစ်လာစေရန်။

( ခ ) ပါတီနိုင်ငံရေးကင်းရှင်းပြီး စာရိတ္တနှင့်ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေး ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်။

( ဂ ) နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှု စွမ်းရည်မြှင့်တင်ရန်။

(ဃ) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရန် ရေးရှု၍

သုတေသနလုပ်ငန်းများဆောင်ရွက်လိုသည့်စိတ်ဓာတ် မွေးမြူပေးရန်။

( င ) ပြည်ထောင်စု တိုင်းရင်းသား လူငယ်များသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန် အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်း စောင့်ရှောက်သော လူငယ်များ ဖြစ်လာစေရန်။”

၆။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၇ တွင် -

(က) ပုဒ်မခွဲ(က)တွင် ပါရှိသော “ဖွံ့ဖြိုးရေး” ဆိုသည့်စကားရပ်ကို “ဖွံ့ဖြိုးတိုးတက်မှု” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

( ခ) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“( ခ) တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပညာရှင် ဝန်ထမ်းကောင်းများ တိုးပွားအောင် ပြုစုပျိုးထောင်ပေးရန်၊”

( ဂ) ပုဒ်မခွဲ(ဂ) တွင် ပါရှိသော “ပညာတိုးပွားရေး” ဆိုသည့် စကားရပ်ကို “တီထွင်ဆန်းသစ်မှုများ တိုးပွားရေး” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ဃ) ပုဒ်မခွဲ(စ) တွင် ပါရှိသော “နေရေးထိုင်ရေး” ဆိုသည့် စကားရပ်ကို “စနစ်ကျနစွာ နေထိုင်နိုင်ရေး” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

( င ) ပုဒ်မခွဲ(ဆ) တွင် ပါရှိသော “ကျောင်းခန်းပြင်ပ ပညာရေး လုပ်ငန်း” ဆိုသည့် စကားရပ်ကို “ကျောင်းပြင်ပ ပညာရေး လုပ်ငန်း” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“ ၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) တက္ကသိုလ်ကြီးကြပ်ရေး ကော်မတီကို ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်နှင့် ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနနှင့် ဆက်စပ်သော ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် မှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် သင့်လျော်သော တိုင်းရင်းသားများက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းပေး ရမည်။

( ခ ) အဖွဲ့ဝင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့အဖြစ် တစ်ပါတည်း သတ်မှတ်ပေးနိုင်သည်။

( ဂ ) လိုအပ်ပါက တက္ကသိုလ်ကြီးကြပ်ရေး ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။”

၈။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၉ နှင့် ၁၉ တို့ကို ပယ်ဖျက်ရမည်။

၉။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(င) ၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၁၅ တို့တွင် ပါရှိသော “ဆရာ” ဆိုသည့်စကားရပ်ကို “ဆရာ ဆရာမ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၁၀ တွင် -

(က) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "မည်သို့သောဘွဲ့" ဆိုသည့် စကားရပ်ကို "မည့်သည့်ဘွဲ့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ) ပုဒ်မခွဲ(ဋ)၏ နောက်တွင် ပုဒ်မခွဲ(ဌ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဌ) သင်တန်းသား ရွေးချယ်ခြင်းအတွက် သင်တန်းသားရွေးချယ်ရေးကော်မတီကို လိုအပ်သလို ဖွဲ့စည်းနိုင်ခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်ခြင်း။"

၁၁။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ဖွံ့ဖြိုးရေး" ဆိုသည့် စကားရပ်ကို "ဖွံ့ဖြိုးတိုးတက်မှု" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

" ၁၇။ တက္ကသိုလ်သည် နှစ်စဉ်ရသုံးမှန်းခြေ ငွေစာရင်းကို ဦးစီးဌာန၏ စိစစ်ခွင့်ပြုချက်နှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။"

၁၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၂၁ တွင်ပါရှိသော "ဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အစိုးရအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများနှင့် ဖြစ်စေ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၂၂ တွင် ပါရှိသော "ဤဥပဒေအရ ဖွဲ့စည်းသည့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တက္ကသိုလ် ကြီးကြပ်ရေးကော်မတီနှင့် တက္ကသိုလ် တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက် များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေ
## (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂)
## ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
## (၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ခြင်းကိုဆိုသည်၊

( ခ ) တက္ကသိုလ် ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကိုဆိုသည်၊

( ဂ ) **ကော်မတီ**[၁] ဆိုသည်မှာ တက္ကသိုလ်၏ လုပ်ငန်းများကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ် ကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန**[၂] ဆိုသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

(င) **ဦးစီးဌာန**[၁] ဆိုသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)

## တက္ကသိုလ်တည်ထောင်ခြင်း

၃။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှစ၍ တည်ထောင်လိုက်သည်။

၄။ ပုဒ်မ ၃ အရ တည်ထောင်သည့် တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ **ကိုယ်ပိုင်ဆောင်ပုဒ်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်**[၂]၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့် ရှိစေရမည်။

၅။ တက္ကသိုလ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ယင်းနှင့်ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်နှင့် သိပ္ပံတို့ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

## အခန်း (၃)

## တက္ကသိုလ်၏ ရည်မှန်းချက်များ

၆။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်[၃] -

(က) **ပြည်ထောင်စုတိုင်းရင်းသားလူငယ်များသည်ပညာရှာမှီးရင်း တိုင်းရင်းသား အချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်။**

(ခ) **ပါတီနိုင်ငံရေးကင်းရှင်းပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်။**

(ဂ) **နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည် မြှင့်တင်ရန်။**

(ဃ) **ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရန်ရှေးရှု၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်။**

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ အစားထိုးပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

**( င)  ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များ ဖြစ်လာစေရန်။**

**အခန်း (၄)**

**တက္ကသိုလ်၏ လုပ်ငန်းတာဝန်များ**

၇။ တက္ကသိုလ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုးများ **ဖွံ့ဖြိုးတိုးတက်မှု**[၁] ကို အထောက်အကူပြုသည့် ပညာရပ်များကို ပို့ချသင်ကြားပေးရန်၊

**( ခ)  တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပညာရှင်ဝန်ထမ်းကောင်းများ တိုးပွားအောင် ပြုစုပျိုးထောင်ပေးရန်၊**[၂]

( ဂ ) သုတေသနနှင့် **တီထွင်ဆန်းသစ်မှုများတိုးပွားရေး**[၃] အတွက် စီမံချက်များရေးဆွဲ၍ ဦးဆောင်လမ်းညွှန်ပေးရန်၊

(ဃ) တက္ကသိုလ် စာမေးပွဲများ ကျင်းပပေးရန်၊

( င ) တက္ကသိုလ်ဘွဲ့များ၊ ဘွဲ့လွန်ဒီဂရီများ၊ ဒီပလိုမာလက်မှတ်များ၊ တက္ကသိုလ် အတန်းအသီးသီးမှ အောင်လက်မှတ်များနှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းချီးမြှင့်ရန်၊

( စ ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ **စနစ်ကျနစွာနေထိုင်နိုင်ရေး**[၄]၊ စည်းကမ်းသေဝပ်ရေး၊ စာရိတ္တကောင်းမွန်ရေး၊ ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေး တို့အတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

(ဆ) တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား **ကျောင်းပြင်ပ ပညာရေးလုပ်ငန်း**[၁] များနှင့် လေ့လာရေးအစီအစဉ်များဖြင့် လိုအပ်သလိုလေ့ကျင့်ပေးရန်၊

( ဇ ) တက္ကသိုလ်၏ရည်မှန်းချက်များထမြောက်အောင်မြင်စေရေး အတွက် အထောက်အကူပြုသော လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရန်။

## အခန်း (၅)

## ကော်မတီ[၂] ဖွဲ့စည်းခြင်း

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည်[၃] -

(က) တက္ကသိုလ်ကြီးကြပ်ရေး ကော်မတီကို ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်နှင့် ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီး ဌာနနှင့် ဆက်စပ်သော ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် သင့်လျော်သော တိုင်းရင်းသား များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းပေးရမည်။

( ခ) အဖွဲ့ဝင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်များကို ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့အဖြစ် တစ်ပါတည်း သတ်မှတ်ပေးနိုင်သည်။

( ဂ) လိုအပ်ပါက တက္ကသိုလ်ကြီးကြပ်ရေးကော်မတီကို ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၉။ x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x x[၄]

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ အစားထိုးပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပယ်ဖျက်ခြင်း ဖြစ်ပါသည်။

၁၀။ **ကော်မတီ**[၁] ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တက္ကသိုလ်ပညာရေးဆိုင်ရာ လမ်းညွှန်မှုများကို ချမှတ်ပေးခြင်း၊

( ခ) တက္ကသိုလ်မှ **မည်သည့်ဘွဲ့**[၂]၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာ အောင်လက်မှတ်၊ တက္ကသိုလ် အတန်းအသီးသီးမှ အောင်လက်မှတ်နှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းမည်ကို ဆုံးဖြတ်ခြင်း၊

( ဂ ) နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် ကျောင်းသား ကျောင်းသူ ဦးရေကို သတ်မှတ်ခြင်း၊

(ဃ) တက္ကသိုလ် ကျောင်းသား ကျောင်းသူတို့၏ ဝင်ခွင့် အရည်အချင်းကို သတ်မှတ်ခြင်း၊

( င) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်သည့် **ဆရာ ဆရာမ**[၃] အဆင့်ဆင့်တို့၏ အခြေခံပညာအရည်အချင်းကို သတ်မှတ်ခြင်း၊

( စ) တက္ကသိုလ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ပေးခြင်း၊

(ဆ) စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် လိုအပ်ပါက အဆုံးအဖြတ်ပေးခြင်း၊

( ဇ) တက္ကသိုလ်၏ ပညာရေးလုပ်ငန်းကို အကျိုးပြုစေမည့် သုတေသန လုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်ခြင်း၊

( ဈ) တက္ကသိုလ်စာမေးပွဲများ မည်သို့ကျင်းပရမည်ကို အဆုံးအဖြတ်ပေးခြင်း၊

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

(ည) တက္ကသိုလ်နှင့် ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်၊ သိပ္ပံသစ်များ တည်ထောင်ရန် လိုအပ်လျှင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်တည်ထောင် ခြင်း၊

( ဋ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကပေးအပ်သည့် အခြား တာဝန်များကို ဆောင်ရွက်ခြင်း၊

**( ဌ) သင်တန်းသားရွေးချယ်ခြင်းအတွက် သင်တန်းသားရွေးချယ် ရေးကော်မတီကို လိုအပ်သလို ဖွဲ့စည်းနိုင်ခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်ခြင်း။**[၁]

## အခန်း (၆)

## ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁၁။ တက္ကသိုလ်၏ ပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စီမံခန့်ခွဲရေး ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် **ကော်မတီ**[၂] သည် အောက်ပါအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) တက္ကသိုလ် ပညာရေးအဖွဲ့၊

( ခ) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့။

၁၂။ တက္ကသိုလ်ပညာရေးအဖွဲ့၏တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ **ဖွံ့ဖြိုးတိုးတက်မှု**[၃] အတွက် အကောင်အထည်ဖော်သည့် လုပ်ငန်းများနှင့် ကိုက်ညီသည့်ပညာရပ်များကို ပို့ချသင်ကြားနိုင်ရေးအတွက် သင်ကြားရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ခ) ဘာသာရပ်အလိုက် ဖွဲ့စည်းထားသော သင်ကြားရေးအဖွဲ့ များက ရေးဆွဲတင်ပြသော သင်ရိုးညွှန်းတမ်းများကို စိစစ်၍ **ကော်မတီ**[၄] သို့ သဘောထားမှတ်ချက်နှင့်တကွ ထောက်ခံ တင်ပြရန်နှင့် **ကော်မတီ**[၅] ၏ အတည်ပြုချက်နှင့်အညီ သင်ကြားရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။
၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

(ဂ) တက္ကသိုလ်စာမေးပွဲများ ကျင်းပပေးခြင်းနှင့် အောင်စာရင်းများကို ကြေညာခြင်း၊

(ဃ) ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာလက်မှတ်၊ အောင်လက်မှတ်များ၊ အခြားဂုဏ်ထူးဆောင် ဘွဲ့များနှင့် ပညာရည်ချွန်ဆုများချီးမြှင့်ခြင်း၊

(င) လိုအပ်သော သင်ကြားရေးဆိုင်ရာ ဌာနသစ်များ တီထွင်နိုင်ရေးအတွက် **ကော်မတီ**[၁] သို့ ထောက်ခံတင်ပြခြင်း၊

(စ) တက္ကသိုလ်တွင် ပြဋ္ဌာန်းမည့် စာအုပ်စာတမ်းများကို စိစစ်ခြင်း၊ အတည်ပြုခြင်း၊

(ဆ) တက္ကသိုလ်တွင် ဘွဲ့လွန်နှင့် အခြားသင်တန်းများ ဖွင့်လှစ်ရေးကို သင်ကြားရေးဌာနများနှင့် ညှိနှိုင်း၍ **ကော်မတီ**[၂] သို့ ထောက်ခံတင်ပြခြင်း၊

(ဇ) **ကော်မတီ**[၃] က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၁၃။ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်သောစည်းကမ်းများ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းများအတိုင်း လိုက်နာစေရန် ကြပ်မတ်ထိန်းသိမ်းခြင်း၊

(ခ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အတွက် အားကစား၊ ကာယပညာနှင့် ယဉ်ကျေးမှုလုပ်ငန်း အရပ်ရပ်ကိုကြီးကြပ်စီမံခြင်း၊

(ဂ) တက္ကသိုလ် **ဆရာ ဆရာမ**[၄] များ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးကိစ္စများကို စီမံဆောင်ရွက်ခြင်း၊

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

(ဃ) တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ထောက်ပံ့ကြေး နှင့် အခြားငွေကြေး ချီးမြှင့်ရန်ကိစ္စတို့ကို ဆောင်ရွက်ခြင်း၊

( င) ကျောင်းဆောင် ကိစ္စအရပ်ရပ်ကို စီမံဆောင်ရွက်ခြင်း၊

( စ) တက္ကသိုလ်နယ်မြေကို ကြီးကြပ်ခြင်း၊

(ဆ) **ကော်မတီ**[၁] က လွှဲအပ်သည့် အခြားစီမံခန့်ခွဲရေး လုပ်ငန်း များကိုဆောင်ရွက်ခြင်း၊

( ဇ) **ကော်မတီ**[၂] က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၇)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၄။ **ကော်မတီ**[၃] သည် ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ရေးဆွဲ၍ အတည်ပြုထားရှိရမည်။

၁၅။ **ကော်မတီ**[၄] သည် **ဆရာ ဆရာမ**[၅] များနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် -

(က) တည်ဆဲစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်၊

( ခ) ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် **ဆရာ ဆရာမ**[၆] များနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူ ခန့်ထားနိုင်သည်။

၁၆။ **ကော်မတီ**[၇] သည် ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ပါမောက္ခချုပ်အား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။
၇။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

## အခန်း (၈)

## ဘဏ္ဍာရေး

၁၇။ **တက္ကသိုလ်သည် နှစ်စဉ်ရသုံးမှန်းခြေ ငွေစာရင်းကို ဦးစီးဌာန၏ စိစစ်ခွင့်ပြုချက်နှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရမည်။**[၁]

၁၈။ တက္ကသိုလ်သည် မိမိရငွေနှင့် အသုံးစရိတ်များကို တည်ဆဲ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စာရင်းအင်း ထားရှိခြင်း၊ ပေးသွင်းခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

## အခန်း (၉)

## အထွေထွေ

**၁၉။** × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×[၂]

၂၀။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေအရ တည်ထောင်သည့် တက္ကသိုလ်သည် ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာလက်မှတ်၊ တက္ကသိုလ်စာမေးပွဲ အောင်လက်မှတ်များနှင့် တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့် ရှိစေရမည်။

၂၁။ တက္ကသိုလ်သည် ယင်း၏ ပညာရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများ အောင်မြင်စေရန်အလို့ငှာ ကျွမ်းကျင်မှုအကူအညီနှင့် အခြား လိုအပ်သော အကူအညီများကို **သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ နှင့်ဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်ဖြစ်စေ**[၃] ဆက်သွယ်ရယူ နိုင်ခွင့်ရှိသည်။

၂၂။ တက္ကသိုလ်သည် ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက ဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပယ်ဖျက်ခြင်း ဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် [၁]-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ဂ) တက္ကသိုလ်ကြီးကြပ်ရေး ကော်မတီနှင့် တက္ကသိုလ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ(၁၉၉၁) | ၁ မှ ၁၀ |
| | (က) အခန်း (၁)၊ အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| | ( ခ) အခန်း (၂)၊ တက္ကသိုလ်တည်ထောင်ခြင်း | ၂ |
| | ( ဂ) အခန်း (၃)၊ တက္ကသိုလ်၏ ရည်မှန်းချက်များ | ၂ |
| | (ဃ) အခန်း (၄)၊ တက္ကသိုလ်၏ လုပ်ငန်းတာဝန်များ | ၃ |
| | ( င) အခန်း (၅)၊ တက္ကသိုလ်ကောင်စီ ဖွဲ့စည်းခြင်း | ၄ |
| | ( စ) အခန်း (၆)၊ ပညာရေးအဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ဖွဲ့စည်းခြင်း | ၆ |
| | (ဆ) အခန်း (၇)၊ ဝန်ထမ်းဖွဲ့စည်းပုံ | ၈ |
| | ( ဇ) အခန်း (၈)၊ ဘဏ္ဍာရေး | ၈ |
| | (ဈ) အခန်း (၉)၊ အထွေထွေ | ၉ မှ ၁၀ |
| ၂။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၂၂) | ၁၁ မှ ၁၆ |
| ၃။ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ (ပြင်ဆင်ပြီး) | ၁၇ မှ ၂၆ |
| | (က) အခန်း (၁)၊ အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁၇ |
| | ( ခ) အခန်း (၂)၊ တက္ကသိုလ်တည်ထောင်ခြင်း | ၁၈ |
| | ( ဂ) အခန်း (၃)၊ တက္ကသိုလ်၏ ရည်မှန်းချက်များ | ၁၈ |
| | (ဃ) အခန်း (၄)၊ တက္ကသိုလ်၏ လုပ်ငန်းတာဝန်များ | ၁၉ |
| | ( င) အခန်း (၅)၊ ကော်မတီ ဖွဲ့စည်းခြင်း | ၂၀ |
| | ( စ) အခန်း (၆)၊ ပညာရေးအဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း | ၂၂ |
| | (ဆ) အခန်း (၇)၊ ဝန်ထမ်းဖွဲ့စည်းပုံ | ၂၄ |
| | ( ဇ) အခန်း (၈)၊ ဘဏ္ဍာရေး | ၂၅ |
| | (ဈ) အခန်း (၉)၊ အထွေထွေ | ၂၅ မှ ၂၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး
# တက္ကသိုလ် ဥပဒေ (၁၉၉၁)

# နှင့်

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး
# တက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၂၂)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၃၈/၂၀၂၂ အရ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေကို

ပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်)